# မရမ်းပင်ချောင်းကျေးရွာ

# မြိတ်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၃)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မရမ်းပင်ချောင်းကျေးရွာ၊ မြိတ်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြိတ်မြို့နယ်နှင့် ဦးကောင်းမြတ် - LIFT/ Technical Assistant Team တို့ကူညီရေးဆွဲသည်)

၂၀၁၉ခုနှစ်၊မတ်လ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **မရမ်းပင်ချောင်းကျေးရွာ သယံဇာတပြမြေပုံ၊ မြိတ်မြို့နယ်** | ၅ |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်းနှင့် ငါးလုပ်ငန်း | ၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး | ၉ |
| | (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၉ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၉ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၉ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၀ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၀ |
| ၆။ | **ပညာရေး** | ၁၀ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၁ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၁ |
| ၉။ | **ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ** | ၁၂ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၃ |
| | | |
| နောက်ဆက်တွဲ | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၆ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၇ |
| | နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၂ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၅၉ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၆၁ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၆၃ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင်လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့်

သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

မတ်လ၊ ၂၀၁၉

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မရမ်းပင်ချောင်းကျေးရွာ
မြိတ်မြို့နယ်

## မရမ်းပင်ချောင်းကျေးရွာ ကျေးရွာ သယံဇာတပြမြေပုံ၊ မြိတ်မြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

မရမ်းပင်ချောင်းကျေးရွာသည် ရန်ကုန်-ကော့သောင်း ကားလမ်းမကြီးမိုင်တိုင်ကြား တွင် တည်ရှိပါသည်။ မြောက်ဘက်တွင် ဘုတ်ချောင်းကျေးရွာသို့ (၃)မိုင်ခန့်ကွာဝေးပြီး တောင်ဘက်တွင် သမုတ်ကျေးရွာသို့ ၂မိုင်ခန့်ကွာဝေးပါသည်။ ကျေးရွာ၏အရှေ့ဘက်တွင် တနင်္သာရီတောင်တန်းကြီးများရှိပြီး အနောက်ဘက်တွင် ပင်လယ်ပြင်ကြီးရှိပါသည်။ ကျေးရွာတည်ရှိသည့်နေရာသည် မြေပြန့်လွင်ပြင်ဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

မရမ်းပင်ချောင်းကျေးရွာသည် ပူ၍မိုးများသော အပူပိုင်းမိုးသစ်တော ရာသီဥတုတွင် တည်ရှိပါသည်။ သဘာဝအရင်းအမြစ်များအနေဖြင့် ကျေးရွာတွင်မရှိ သလောက်ရှားပါးပါ သည်။ အခြားသော သတ္တု၊ ကျောက်၊ ခဲ စသည့်သယံဇာတ တွင်းထွက်များမှာ အလွန်ပင် ရှားပါးလှပါသည်။ ထိုသို့သယံဇာတတွင်းထွက်များမရှိသဖြင့် ကျေးရွာရှိ အိမ်ထောင်စုတစ်စု ချင်းစီ ၏ဝင်ငွေဖွံ့ဖြိုးတိုးတက်မှုအပိုင်းတွင် အစစအရာရာ နှောင့်နှေးနေပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

မရမ်းပင်ချောင်းကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၄၅) အိမ်ရှိပြီး လူဦးရေပေါင်း (၁၁၀၀)ဦး ရှိပါသည်။ကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ အသင့်အတင့်ရှိ ပါသည်။ ကျေးရွာ၏လူမှုရေး၊ ပညာရေး၊ ဘေးကင်းလုံခြုံရေးတို့အတွက် ရည်ရွယ်၍ ဂေါပကအဖွဲ့၊ နာရေးကူညီမှုအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့စသည်ဖြင့် ဖွဲ့စည်းထား သော်လည်း အဖွဲ့အချင်းချင်းဆက်သွယ်ဆောင်ရွက်မှု အားနည်းလျက်ရှိပါသည်။ ယခုအခါ တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ကျေးရွာသူ/သားများ ကိုယ်တိုင်ပူးပေါင်းပါဝင်ကာ ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင်ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါ သည်။

မရမ်းပင်ချောင်းကျေးရွာတွင် လူထုအခြေပြုအဖွဲ့အစည်းများအနေဖြင့် အဖွဲ့အစည်း မရှိသည့်အတွက် သက်ဆိုင်ရာကဏ္ဍများဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးနေသော နိုင်ငံတကာအဖွဲ့အစည်းများ/ ပြည်တွင်း/ ပြည်ပ ကူညီရေးအဖွဲ့များအား ချိတ်ဆက်ရန် လိုအပ်နေပါသည်။

### ၄။ စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (က)သီးနှံ စိုက်ပျိုးရေး

မရမ်းပင်ချောင်းကျေးရွာတွင် လယ်မြေ (၂၇) ဧက၊ ဉယျာဉ်ခြံမြေ (၈၄၁) ဧက၊ ဓနိတောမြေ (၄၁) ဧက၊ စားကျက်မြေ (၇) ဧကနှင့် မြေလွတ်မြေလပ် (၁၀) ဧက၊ စုစုပေါင်း (၉၂၆) ဧက ရှိပါသည်။။ တောင်သူငယ်နှင့် တောင်သူလတ် များပြားပြီး (၁၂.၅) ဧက အထက်ရှိ တောင်သူကြီး (၁၅) ဦး အထိရှိ၍အဓိကအားဖြင့် ကျေးရွာတွင်ရော်ဘာ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုအများအပြားရှိပါသည်။ အချို့အိမ်ထောင်စု များမှာ ကွမ်း၊ ခရူသီးနှင့် ဓနိဖက်လုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စုအနည်းအကျဉ်း လည်းရှိပါသည်။

မရမ်းပင်ကျေးရွာတွင် ရော်ဘာကို အဓိက စိုက်ပျိုးပြီး၊ မြေဆီလွှာမကောင်းခြင်း၊ ငွေကြေးမလုံလောက်ခြင်း၊ ဓာတ်မြေဩဇာ လုံလောက်စွာ မသုံးစွဲနိုင်ခြင်း၊ ကျေးရွာအတွင်း ခေတ်မီလယ်ယာသုံး စက်ကိရိယာများ ပိုင်ဆိုင်မှု နည်းပါးခြင်း၊ စနစ်ကျသော စိုက်ပျိုးရေး နည်းပညာများသိရှိမှုနည်းပါးခြင်းတို့ကြောင့်အထွက်နှုန်း နည်းပါးပါသည်။ ဆင်းရဲသား တောင်သူအများစုသည် ထွန်ယက်ချိန်နှင့် ရိတ်သိမ်းချိန်တွင် လယ်ယာသုံး စက်ကိရိယာများ ငှားရမ်းလုပ်ကိုင်ကြပြီး အချိန်မီပြီးစီးအောင် လုပ်ဆောင်ရသည့်အတွက် အလုပ်မတွင်ခြင်း များ ကြုံတွေ့နေရပါသည်။

ကျေးရွာအခြေအနေသည် မိုးများသောဒေသဖြစ်ပြီး လယ်ယာမြေအသုံးချနိုင်မှုမှာ အသင့်အတင့် အခြေအနေတွင်ရှိပါသည်။ သီးနှံမျိုးစေ့မှာ ဒေသမျိုးတစ်ခုကိုသာ သုံးစွဲနေ ပါသည်။ မြေဆီလွှာမကောင်းခြင်း၊ စိုက်ပျိုးမြေများတွင် ဆားငန်ရေဝင်ရောက်ခြင်း၊ သီးနှံ အထွက်နှုန်းနည်းပါးမှုများ ကြုံတွေ့နေရသဖြင့်စိုက်ပျိုးရေးဆိုင်ရာအသိပညာပေး သင်တန်း များလိုအပ်နေပါသည်။

ကျေးရွာတွင် သီးနှံထုတ်လုပ်မှုအတွက် ပြဿနာများမှာ မြေဆီဩဇာ မကောင်းခြင်း၊ နည်းပညာဗဟုသုတ အားနည်းခြင်း၊ စိုက်ပျိုးရေအရင်းအမြစ်မှာ မိုးရေကိုသာအားထား ရခြင်းနှင့် ကောင်းမွန်သောသီးနှံမျိုးစေ့များ အလွယ်တကူမရရှိခြင်း၊ အတိုးနှုန်းသက်သာ သောချေးငွေများအလွယ်တကူမရရှိခြင်း၊ စိုက်ပျိုးရေးထွက်ကုန်များကိုဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ခြင်း စသည်တို့ရှိပါသည်။ စိုက်ပျိုးရေးနည်းပညာပေးသင်တန်း၊ ပိုးမွှား ရောဂါကာကွယ်ရေးနည်းလမ်းများ၊ ဟောပြောပွဲများ၊ ကာလရှည်ချေးငွေများလိုအပ်နေပါ သည်။

### (ခ) မွေးမြူရေးလုပ်ငန်းနှင့်ငါးလုပ်ငန်း

မရမ်းပင်ချောင်းကျေးရွာတွင် အိမ်ထောင်စု (၁၅) အိမ်မှ ဝက် (၅၂) ကောင်၊ အိမ်ထောင်စု (၆၈) အိမ်မှ ကြက် (၄၇၀) ကောင်၊ အိမ်ထောင်စု (၁၄) အိမ်မှ ဘဲ (၁၆၃) ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူကြပါသည်။ အချို့အိမ်ထောင်စုများမှာ စီးပွားဖြစ်မွေးမြူလိုကြသော်လည်း ဈေးကောင်းမရရှိသည့်အတွက် ကျေးရွာတွင်သာ ရောင်းချကြပါသည်။

မရမ်းပင်ချောင်းကျေးရွာတွင် စားကျက်မြေနှင့်ရေ အသင့်အတင့်ရှိပါသည်။ မြိတ်မြို့နှင့်ကျေးရွာသို့နေ့တိုင်းသွားလာနေသည့် မော်တော်ကားများရှိသည့်အတွက် မွေးမြူရေးအစာ၊ ဆေးများ၊ မျိုးကောင်းတိရစ္ဆာန်များကို အလွယ်တကူ ဝယ်ယူရရှိနိုင်သည်။ ထုတ်ကုန်များရောင်းချရန်နေရာမှာ အတော်အသင့် အဆင်ပြေပါသည်။

မရမ်းပင်ချောင်းကျေးရွာတွင် မွေးမြူရေးလုပ်ငန်းများအတွက် ချေးငွေ အလွယ်တကူမရရှိနိုင်ပေ။ မွေးမြူရေးဆိုင်ရာဝန်ဆောင်မှုများလည်း အလွယ်တကူမရရှိဘဲ စီးပွားဖြစ်မွေးမြူနည်းဆိုင်ရာများကို သိရှိခွင့်ရရှိရန်သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ရန် လိုအပ်နေပါသည်။

မရမ်းပင်ချောင်းကျေးရွာတွင် ရေလုပ်ငန်းနှင့်ပတ်သက်၍ လုပ်ငန်းသည့် အိမ်ထောင်စု (၄၀)ရှိပါသည်။ ငါး၊ ပုစွန်၊ ကဏန်းဖမ်းခြင်းလုပ်ငန်းလုပ်ကိုင်သူနှင့် ကမ်းနီးလုပ်ငန်းလုပ်ကိုင်သူများဖြစ်ကြပါသည်။ ကမ်းဝေးငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူမရှိပါ။

### (ဂ)စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

မရမ်းပင်ချောင်းကျေးရွာတွင် အခြားဝင်ငွေရ လုပ်ငန်းအနေဖြင့် ဆိုင်ကယ်ပြင်၊ ဈေးရောင်း၊ လက်ဖက်ရည်ဆိုင်၊ စက်ချုပ်၊ အစိုးရဝန်ထမ်း၊ လက်သမား၊ ပန်းရံလုပ်ငန်းတို့ကိုလုပ်ကိုင်ကြပါသည်။ ကျပန်းလုပ်သားများသည် အများဆုံးအားဖြင့် ဝင်ငွေရရှိရန်ရော်ဘာအစေးခြစ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ အထူးသဖြင့် ဝင်ငွေရရှိရန်ရှမ်းပြည် (ထိုင်းနိုင်ငံ) သို့သွားရောက်လုပ်ကိုင်လေ့ရှိသည်။ လုပ်အားခများကို အိမ်တွင်ကျန်ခဲ့သောမိသားစုများထံပို့၍ စားဝတ်နေရေးကို ဖြေရှင်းကြရသည်။ အကယ်၍ ငွေပို့မှုနောက်ကျပါက (သို့) မလုံလောက်ပါက ငွေတိုးချေးသူများထံမှချေးယူ၍ စားဝတ်နေရေးကိုဖြေရှင်းကြရသည်။ ဘွဲ့ရအများစုမှာ ဒေသတွင်ပြန်လည်အခြေချသူထက် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်သူ များပြားပါသည်။ ပြည်ပ (ထိုင်းနိုင်ငံ)သို့ သွားရောက်လုပ်ကိုင်ခြင်းမဟုတ်လျှင် ဒေသအတွင်းတွင် ဝန်ထမ်းလုပ်သူနှင့် မိဘလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ကြပါသည်။

မရမ်းပင်ချောင်းကျေးရွာတွင်နေထိုင်သူများသည် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသည့်အတွက် သက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ လိုအပ်ခြင်း၊ အရင်းအနှီးငွေများလိုအပ်ခြင်း၊ ကာလရှည်ချေးငွေ လိုအပ်ခြင်းများ၊ ကျေးရွာတွင် လျှပ်စစ်မီးမရှိသည့်အတွက် လုံခြုံရေး၊ ပညာရေးစသည့်လူမှုရေးကိစ္စများတွင် အရာရာနှောင့်နှေးနေပါသည်။

**(ဃ)စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများမှာ ဆန်စပါး၊ ရော်ဘာ၊ ကွမ်းသီး၊ ခနိဖက်နှင့် ဟင်းသီးဟင်းရွက်တို့ပါဝင်ပါသည်။ မြိတ်မြို့နှင့်(၃၀)မိုင်ခန့်ကွာဝေးသည့် ကျေးရွာတစ်ရွာဖြစ်၍ ကျေးရွာထုတ်ကုန်များကို ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်ပါသည်။

**(င)ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

မရမ်းပင်ချောင်းကျေးရွာတွင် လယ်ယာမြေ လုပ်ကိုင်မှုများရှိသဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေများလည်းရှိပါသည်။ အဖွဲ့လိုက် ငွေစုငွေချေးအစီအစဉ်နှင့် အပေါင်ဆိုင်များမှ ချေးငွေရယူမှုများမှာ အလွန်နည်းပါးလှပါသည်။ အဓိကအားဖြင့် ဆွေးမျိုးများထံမှ ချေးယူကြပြီး ဘက်စုံလိုအပ်မှုအတွက် ချေးယူကြခြင်း ဖြစ်ပါသည်။ အတိုးနှုန်းမှာ (၁၀%) ဖြစ်ပြီး အပေါင်ခံပစ္စည်း အနည်းငယ် လိုအပ်ပါသည်။ ပိုင်ဆိုင်မှု မရှိလျှင် ချေးငွေရရှိရန် အခက်အခဲများ ကြုံတွေ့နေရပါသည်။ ကျေးရွာပြည်သူ အများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာအတွင်း ချေးငွေလိုအပ်ချက် များပြားနေပါသည်။ ထို့ကြောင့်ကာလရှည်ချေးငွေများ ချေးယူရရှိမည်ဆိုပါက မိမိတို့ လုပ်ကိုင်နေသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံ နိုင်လာမည် ဖြစ်ပါသည်။

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က)ကျေးလက် သယ်ယူပို့ဆောင်ရေး**

မရမ်းပင်ချောင်းကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် မော်တော်ဆိုင်ကယ်(၂၀၂)စီး၊ ထော်လာဂျီ(၁၁)စီး၊ သုံးဘီးဆိုင်ကယ်(၂)စီးနှင့် ကား(၁၀)စီးကိုသာ အဓိကထားအသုံးပြုကြပါသည်။ရေကြောင်းလမ်းအတွက် စက်လှေကို အဓိကထား အသုံးပြုကြပါသည်။

မရမ်းပင်ချောင်းကျေးရွာတွင် ကျေးရွာတွင်းလမ်းများသည် ပျက်စီးနေပြီး သွားလာရခက်ခဲခြင်း၊ ဗွက်ထခြင်းများ ဖြစ်ပေါ်နေပါသည်။ ကျေးရွာတွင်း ချဉ်းကပ်လမ်းများလည်း ပျက်စီးနေပါသည်။ ထို့ကြောင့် ကျေးရွာရှိလမ်းများ ကောင်းမွန်စေရန်အတွက် ပြုပြင်ဆောင်ရွက်လိုကြပါသည်။

**(ခ)ကျေးရွာ မီးလင်းရေး**

မရမ်းပင်ချောင်းကျေးရွာတွင် ကျေးရွာမီးလင်းရေးအနေဖြင့် ဆိုလာမီးသုံးစွဲမှု အိမ်ခြေမှာ(၂၂)ခန့်ရှိ၍ ဒီဇယ်အင်ဂျင်မီးဖြင့် သုံးစွဲသည့်အိမ်ခြေ(၂၀၈)အိမ် ကျန်ရှိသည့် အိမ်များမှာ ဖယောင်းတိုင်မီးနှင့် ရေနံဆီမီးခွက်သုံးစွဲလျက် ရှိနေပါသည်။ လျှပ်စစ်မီး ရရှိပါ က ကျေးရွာအတွင်း ကျောင်းသားများ၏ ပညာရေးကဏ္ဍတိုးတက်မြင့်မားလာခြင်း၊ လုံခြုံမှုပိုမိုကောင်းမွန်လာခြင်း၊ အိမ်ရှင်မများအနေဖြင့် အချိန်မီချက်ပြုတ်နိုင်ခြင်း၊ အသေးစားစီးပွားရေးလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေမှုကို အထောက်အပံ့ပေးနိုင်ပါလိမ့်မည်။

**(ဂ)သတင်းနှင့် ဆက်သွယ်ရေး**

မရမ်းပင်ချောင်းကျေးရွာတွင်ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၂၀၅) လုံး၊ ရေဒီယို (၄၀) လုံး၊ တီဗွီ (၁၁၈) လုံး၊ ဂြိုလ်တုစလောင်း (၁၀၂) လုံး စသည်တို့မှ ရရှိသည့်အပြင် တစ်ရွာလုံးဖုန်းလိုင်းမိသောအခြေအနေမရှိဘဲ တစ်ချို့နေရာတွင်သာ ဖုန်းလိုင်းအဆက်အသွယ်ရပါသည်။ အင်တာနက်လိုင်းမှာအသုံးပြုရနှေးပါသည်။ လျှပ်စစ်မီး မရရှိသေးသည့်အတွက် ဖုန်းများကို အားသွင်းရန်အခက်အခဲရှိနေပြီး သတင်းများကို အချိန်မီ မသိရှိနိုင်သည့် အခက်အခဲများလည်းရှိနေပါသည်။

**၆။ ပညာရေး**

မရမ်းပင်ချောင်းကျေးရွာသည် အခြေခံပညာအလယ်တန်းကျောင်းခွဲသည် မြိတ်-ပုလောကားလမ်းမကြီးပေါ်တွင်ရှိပါသည်။ မြိတ်မြို့မှ (၂၀)မိုင်ခန့်ကွာဝေးပါသည်။ (၁၉၅၄) ခုနှစ်မှစ၍ မူလတန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ကျောင်းမြေအကျယ်အဝန်းမှာ (၃.၃၄)ဧကရှိပါသည်။ လက်ရှိစာသင်ဆောင်တစ်ဆောင်မှာ (၂၀၁၀)ပြည့်နှစ်တွင် န.တ.လမှ ပံ့ပိုးငွေ(၅)သိန်း က.လ.ဖ မှပံ့ပိုးငွေ(၅)သိန်း ကျေးရွာမှထည့်ဝင်ငွေ(၁၅.၅)သိန်း၊ စုစုပေါင်း (၂၅.၅)သိန်းဖြင့် ဆောက်လုပ်ပြီးစီးခဲ့ပါသည်။ သို့သော်လည်း စာသင်ဆောင်၏ကျောဘက် နှင့် ဘေးဘက်မျက်နှာစာတို့တွင် အချောကိုင်ခြင်းမရှိသေးပါ။

၂၀၀၈-၂၀၀၉ပညာသင်နှစ်တွင် အခြေခံပညာမူလတန်း(လွန်)ကျောင်းအဖြစ် အဆင့် တိုးမြှင့်ခြင်းခံရပါသည်။ ထို့ကြောင့် စာသင်ဆောင်(၂)(၆၀'x ၃၀') ပေကို မိဘများ ကျေးရွာလူထုများ၏ထည့်ဝင်မှုဖြင့် အကြမ်းတည်ဆောက်ပြီး စာသင်ခဲ့ရာ (၂၀၁၅)ခုနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေ(၅၇)သိန်းပံ့ပိုးပေးခဲ့ရာ ပြီးစီးအောင်ဆောက်လုပ်နိုင်ခဲ့ပါသည်။

၂၀၁၇-၂၀၁၈ပညာသင်နှစ်တွင်(မူလွန်)အဆင့်မှ အ.လ.က(ခွဲ)မရမ်းပင်ချောင်း အဆင့်တိုးမြှင့်ခြင်းခံရပါသည်။ ကျောင်းသား/သူစုစုပေါင်း (၂၇၆)ဦးဖြင့် ပညာသင်ကြား

လျက်ရှိပါသည်။ အလယ်တန်းပြ(၃)ဦး၊ မူလတန်းပြ(၅)ဦး အထွေထွေလုပ်သား(၁)ဦးဖြင့် KG မှ အဌမတန်းအထိ ပညာသင်ကြားပေးလျက်ရှိပါသည်။ မေလမှစ၍ ကျောင်းဖွင့်ချိန်အမီ စီမံခန့်ခွဲမှုလုပ်ငန်းများကို ပြုလုပ်ပြီး ကျောင်းဖွင့်ချိန်တွင် သင်ကြားမှု လုပ်ငန်းစနစ်တကျ ဆောင်ရွက်နိုင်ရန် စီစဉ်ထားပါသည်။

မရမ်းပင်ချောင်းရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲရှိ ကျောင်းသား/ကျောင်းသူများအား ပညာထူးချွန်ထက်မြက်ရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေး၊ နိုင်ငံ့ဝန်ဆောင်သားကောင်းများဖြစ်ရေးတို့ကို ဦးတည်လျက် အစဉ်တစိုက်ကြိုးစားဆောင်ရွက်သွားပါမည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

မရမ်းပင်ချောင်းကျေးရွာတွင် သွေးတိုးရောဂါအဖြစ်များပြီး သွေးလွန်တုပ်ကွေး၊ တီဘီ၊ ဆီးချို၊ ဝမ်းပျက်ဝမ်းလျှောနှင့် အသည်းရောဂါ(ဘီ၊ စီ) စသည့်ရောဂါများ အနည်းအကျဉ်းဖြစ်ပွားလျက်ရှိပါသည်။ကာကွယ်ဆေးထိုးနှံမှုများ လစဉ်ပြုလုပ်လျက်ရှိသော်လည်း အဆုတ်ရောဂါ၊ အာဟာရမှတ်တမ်းယူမှုနှင့် အာဟာရပညာပေးအစီအစဉ်များနှင့် ပတ်သက်၍ လစဉ်ပြုလုပ်ပေးလေ့ ရှိပါသည်။

မရမ်းပင်ချောင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲကို (၃.၁.၂၀၁၇)ရက်နေ့တွင် စတင်ဆောက်လုပ်၍ (၆.၆.၂၀၁၇)ရက်နေ့တွင် ဆောက်လုပ်ပြီးစီး၍ ကျန်းမာရေးဌာနသို့ အပ်နှင်းပါသည်။ ဆေးခန်းတွင် စုစုပေါင်းအခန်း(၆)ခန်းရှိ၍ ဝန်ထမ်းအိမ်ရာ(၂)ခန်းတွဲ တစ်လုံးပါဝင်ပါသည်။ သားဖွားဆရာမ(၁)ဦးနှင့် ကျန်းမာရေးကြီးကြပ်တစ်ဦးတာဝန် ထမ်းဆောင်ပါသည်။ ကျေးလက်ကျန်းမာရေးဌာနခွဲရှိ သားဖွားခန်းတွင် တစ်လလျှင် ပျှမ်းမျှ(၂)ဦးနှုန်းမွေး၍ တစ်နှစ်လျှင်ပျှမ်းမျှ(၂၀)ဦးခန့် သားဖွားမိခင်များကို မွေးပေးနိုင်ခဲ့ပါသည်။ နှစ်အလိုက်ရောဂါဆန်းစစ်ရာတွင် ငါးနှစ်အောက်ကလေးငယ်များတွင် ဝမ်းပျက်ဝမ်းလျှောဖြစ်များပြီး လူကြီးများတွင် သွေးတိုးရောါများဖြစ်များပါသည်။

မရမ်းပင်ချောင်းကျေးရွာတွင် သန့်ရှင်းသောအိမ်သာ အသုံးပြုသည့် အိမ်ထောင်စုနည်းပါးပြီး မသန့်ရှင်းသော အိမ်သာသုံးစွဲမှု များပြားပါသည်။ အိမ်သာမရှိသည့် အိမ်ထောင်စုများလည်း ရှိသည့်အတွက် ကျေးရွာသူ/သားများအတွက် ဝမ်းရောဂါနှင့် ပတ်သက်သော ကျန်းမာရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။

## ၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

မရမ်းပင်ချောင်းကျေးရွာတွင်ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ် ကျရောက်မှုမရှိပါ။ သို့ရာတွင် မိုးရွာသွန်းမှုများသည့်အချိန်တွင် ရေကြီးမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ အကယ်၍ ဘေးအန္တရာယ်ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများလည်း ဆောင်ရွက်ထားမှု မရှိပါ။ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာလျှင် ထိခိုက်လွယ်မည့် အုပ်စုမှာ(၃၀%) ခန့် ရှိနိုင်ပါသည်။ အမှိုက်စွန့်ပစ်ရာတွင် စနစ်တကျ စွန့်ပစ်မှုအားနည်းလျက်ရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။ ထိုမှသာလျှင် ကျေးရွာသူ ကျေးရွာသား များသည် ကောင်းကျိုး၊ ဆိုးကျိုးကို ခွဲခြားတတ်လာပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးလုပ်ငန်းများကို တက်ကြွစွာ ပါဝင်လုပ်ဆောင်လာမည် ဖြစ်ပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

မရမ်းပင်ချောင်းကျေးရွာတွင်အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေသည် အမျိုးသား ဦးရေနှင့် အတူတူပင် ဖြစ်သည်။ ကျေးရွာရှိ အဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ အလွန်ပင် နည်းပါးပါသည်။ ကျေးရွာရှိ အုပ်ချုပ်ရေးနှင့် လူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူပါဝင်လုပ်ဆောင်လာမည်ဆိုလျှင် ကျေးရွာသည် ပိုမိုတိုးတက်ပြောင်းလဲလာပါမည်။ အမျိုးသမီးများ၏ စိတ်ဓာတ်အရည်အသွေးကို မြင့်တင်ပေးပြီး ကျေးရွာရှိ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး အသင်းအဖွဲ့များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် ဖိတ်ခေါ်ရမည် ဖြစ်ပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ၊ ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက် အသိအမြင်မရှိသဖြင့် ပညာပေးသင်တန်းများ၊ ဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - ပဆွပ် | | | ကျေးရွာအမည် - မရမ်းပင်ချောင်း | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။ | |
| ၂ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | ရွာလုံးကျွတ်အစည်းအဝေးကို လစဉ်ပုံမှန်ပြုလုပ်၍ လိုအပ်ချက်များကို အစည်း အဝေးတွင် ဖော်ထုတ်ခြင်း။ | |
| ၃ | စိုက်ပျိုးရေး | နည်းပညာ | မျိုးကောင်းမျိုးသန့်ထုတ် လုပ်နည်း သင်တန်းများ ဆောင်ရွက်ခြင်း။ | |
| ၄ | စိုက်ပျိုးရေး | နည်းပညာ | မြေဆီလွှာ ပြုပြင်ထိန်း သိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။ | |
| ၅ | စိုက်ပျိုးရေး | နည်းပညာ | ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ် နင်းရေး နည်းပညာ သင်တန်း / ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။ | |
| ၆ | စိုက်ပျိုးရေး | ဈေးကွက် | စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ် ဆောင်နိုင်ရန် စီးပွားရေး အမြင်ဖွင့် သင်တန်းများ ပြုလုပ်ခြင်း။ | |
| ၇ | စိုက်ပျိုးရေး | ဈေးကွက် | ဈေးကွက်ဆန်းစစ်ခြင်းနှင့် လိုအပ်ချက်အတိုင်း ထုတ်လုပ်ခြင်း။ | |
| ၈ | မွေးမြူရေးနှင့်ငါးလုပ်ငန်း _မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | မြို့နယ် မွေး/ကုဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။ | |
| ၉ | မွေးမြူရေးနှင့်ငါးလုပ်ငန်း _မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | မွေးမြူရေးဈေးကွက် ဆန်းစစ်ခြင်းနှင့် ထုတ်ကုန် ဈေးကွက်ကောင်း ရရှိရန် ချိတ်ဆက်ခြင်း။ | |
| ၁၀ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။ | |
| ၁၁ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | စိတ်ပါဝင်စားသော မိသားစုများအတွက် ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့် မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်) | |
| ၁၂ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေးလုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | ထုတ်ကုန်များအတွက် စုပေါင်းဈေးကွက် ရှာဖွေခြင်း။ | |

| ကျေးရွာအုပ်စုအမည် - ပဆွပ် | | | ကျေးရွာအမည် - မရမ်းပင်ချောင်း | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁၃ | ငွေကြေး | အသေးစား | အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။ | |
| ၁၄ | ငွေကြေး | အသေးစား | အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ်ချေးပေးနိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း။ | |
| ၁၅ | ငွေကြေး | ရပ်ရွာအခြေပြု | မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိရန် ချိတ်ဆက်တင်ပြခြင်း။ | |
| ၁၆ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | စာသင်ကျောင်းတွင် လိုအပ်သော ပရိဘောဂပစ္စည်း ပြည့်ဝစွာရရှိအောင် ဆောင်ရွက်ခြင်း။ | |
| ၁၇ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | အားကစားကွင်းနှင့် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။ | |
| ၁၈ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | ကျောင်းဆောင်ဟောင်းအား အသစ်တည်ဆောက်ခြင်း (၄၀ 'x ၃၀ 'x ၁၂ ') | |
| ၁၉ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | (၃) ခန်းတွဲ ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်း(၃၀ 'x ၄၀ ')။ | |
| ၂၀ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | ကျန်းမာရေးနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများ ပြည့်စုံစွာ ရရှိအောင်တင်ပြ တောင်းခံခြင်း။ | |
| ၂၁ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ စီစဉ်ပေးခြင်း။ | |
| ၂၂ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ညောင်ပင်လမ်းအား ကွန်ကရစ်လမ်းအဆင့်မြှင့်ခြင်း(၁၁၅၀ ') | |
| ၂၃ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရွာလယ်လမ်းအား ကွန်ကရစ်လမ်းအဆင့်မြှင့်ခြင်း(၂၁၅၀ ') | |
| ၂၄ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ဦးဘထွန်းဆိပ်လမ်းအား ကွန်ကရစ်လမ်းအဆင့်မြှင့်ခြင်း(၁၉၀၀ ') | |
| ၂၅ | အခြေခံအဆောက်အဦ | သောက်သုံးရေ | စိမ့်စမ်းရေသွယ်တန်းခြင်း (၃) မိုင် ဆောင်ရွက်ခြင်း။ | |
| ၂၆ | လျှပ်စစ် | မဟာဓာတ်အားလိုင်း | လျှပ်စစ်မီး ချိတ်ဆက်သွယ်တန်းရန် သက်ဆိုင်ရာ ဦးစီးဌာန/ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့်ချိတ်ဆက်ခြင်း။ | |
| ၂၇ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | ရပ်ရွာဖွံ့ဖြိုးရေးများတွင် အသိပညာ၊ အတတ်ပညာများ ရရှိနိုင်ရေး ဖွံ့ဖြိုးရေးလူငယ်အဖွဲ့တစ်ခု | |

| ကျေးရွာအုပ်စုအမည် - ပဆွပ် | | | ကျေးရွာအမည် - မရမ်းပင်ချောင်း | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| | | | ဖွဲ့စည်းလုပ်ဆောင်ခြင်း။ | |
| ၂၈ | လူငယ်နှင့်အားကစား | အားကစား | အား/ကာဦးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များအတွက် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။ | |
| ၂၉ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | နွေရာသီအားကစား ရက်တိုသင်တန်းများ စီစဉ်ပေးခြင်း။ | |
| ၃၀ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | စာပေဟောပြောပွဲများ ကျင်းပပေးခြင်း။ | |
| ၃၁ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | အားကစား၊ စာပေ၊ စာရိတ္တ၊ လူမှုရေးစွမ်းဆောင်မှုများ အတွက် ဂုဏ်ပြုပွဲများ ကျင်းပခြင်း၊ | |
| ၃၂ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | အရက်၊ မူးယစ်ဆေးကင်းစင် ကျေးရွာဖြစ်ရန် အားလုံးဝိုင်းဝန်းဆောင်ရွက်ခြင်း၊ (ရောင်းသူ၊ သုံးသူ ပညာပေး၊ ဥပဒေအရ တားဆီးအရေးယူ) | |
| ၃၃ | လူငယ်နှင့်အားကစား | အမျိုးသမီး | အမျိုးသမီးများအား တရား ဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။ | |
| ၃၄ | သယံဇာတနှင့်သဘာဝ ဝန်းကျင် | သဘာဝဘေး လျော့ချရေး | သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများအား ချိတ်ဆက်ခြင်း။ | |
| ၃၅ | | | | |

နောက်ဆက်တွဲ (၁)

## မရမ်းပင်ချောင်းကျေးရွာ၊ ပဆွပ်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးသိန်းဝင်း | ဦးလှရှိန် | ၆/တသရ(နိုင်)၀၀၉၂၃၀ | ၅၀ | ဥက္ကဋ္ဌ | ၀၉၄၉၈၇၀၂၀၃ |
| ၂ | ဒေါ်စန္ဒာခိုင် | ဦးမြင့်အောင် | ၆/မမန(နိုင်)၁၅၆၂၃၀ | ၃၁ | အတွင်းရေးမှူး | ၀၉၆၉၇၈၉၂၆၉ |
| ၃ | ဦးအောင်စိုးလွင် | ဦးဖေလှိုင် | ၆/မအရ(နိုင်)၀၆၉၈၃၂ | ၅၁ | ဘဏ္ဍာရေးမှူး | ၀၉၄၉၈၅၀၈၃၀ |
| ၄ | ဦးအောင်မျိုးဝင်း | ဦးသန်းတင် | ၆/မအရ(နိုင်)၀၆၉၉၂၁ | ၄၆ | စာရင်းစစ် | - |
| ၅ | ဒေါ်ဌေး | ဦးစိန်ရုံး | ၆/မအရ(နိုင်) ၀၆၉၉၆၄ | ၄၅ | စာရင်းကိုင် | - |
| ၆ | ဒေါ်စန္ဒာမိုး | ဦးမောင်ထွေး | - | ၃၀ | အဖွဲ့ဝင် | - |
| ၇ | ဦးအောင်ကျော်ဆန်း | ဦးရွှေသင် | ၇/သဝတ(နိုင်)၀၆၈၅၁၃ | ၄၇ | အဖွဲ့ဝင် | ၀၉၄၉၈၇၀၆၅၃ |
| ၈ | | | | | | |
| ၉ | | | | | | |
| ၁၀ | | | | | | |
| ၁၁ | | | | | | |
| ၁၂ | | | | | | |
| ၁၃ | | | | | | |
| ၁၄ | | | | | | |
| ၁၅ | | | | | | |

**ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ**

**(၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ**

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၅ | ၄ | ၉ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၄၄ | ၃၇ | ၈၁ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၄၂ | ၅၀ | ၉၂ |
| ၁၀ နှစ်မှ ၁၄ နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၅၉ | ၇၁ | ၁၃၀ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၇၉ | ၃၇၄ | ၇၅၃ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၁၃ | ၂၂ | ၃၅ |
| စုစုပေါင်း | | ၅၄၂ | ၅၅၈ | ၁၁၀၀ |
| စုစုပေါင်း အိမ်ထောင်စု | | ၂၄၅ | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊(၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

**လေ့လာတွေ့ရှိချက်။** ။ မရမ်းပင်ချောင်းကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၄၅) အိမ်ရှိပြီး လူဦးရေပေါင်း(၁၁၀၀)ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက်နို့စို့အရွယ် (၀.၈%)၊ ငါးနှစ်အောက် ကလေးအရွယ် (၇.၄%)၊ မူလတန်းကျောင်းသားအရွယ် (၈.၄%)၊ အလယ်တန်းကျောင်းသားအရွယ် (၁၁.၈%)၊ သက်ကြီးရွယ်ကြီးအရွယ် (၃.၂%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၃၁.၅%)ရှိပြီး အလုပ်လုပ်နိုင်သည့်အရွယ် ကျား(၃၇၉)ဦး၊ မ(၃၇၄)ဦး စုစုပေါင်း(၇၅၃)ဦးရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၆၈.၅%)ရှိပါသည်။ ပျမ်းမျှ တစ်အိမ်ထောင်လျှင် (၄.၅) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက်လျော့နည်းနေပါသည်။ သို့သော်လည်း ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်လူသားအရင်းအမြစ်ကောင်းများအဖြစ်ထောက်ပံ့မှုပေးနိုင်ပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၀၁ | ၁၈၇ | ၃ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၄၇ | ၇၀ | ၁၄ | မြင့်☐လတ်☑နိမ့်☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၉၇ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၀ | ၃၃ | ၉ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၉ | ၂၈ | - | မြင့်☐လတ်☑နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | - | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | - | မြင့်☐လတ်☐နိမ့်☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၄ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☑ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆ | ၉ | ၃ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | ၃ | မြင့်☐လတ်☑နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | ၄ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | **ငွေရေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၁ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၁ | မြင့်☐လတ်☐နိမ့်☑ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | ၁ | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၃၆ | ၅၈ | ၅ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | ၂၃၄ | ၃၈၉ | ၂၃ | ☒ |

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ

လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု**"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ မရမ်းပင်ချောင်းကျေးရွာတွင် ဥယျာဉ်ခြံ(ရာဘာ) စိုက်ပျိုးရေးလုပ်ငန်းကို အဓိကဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သည့်အိမ်ထောင်စုများပြားပါသည်။

ရေလုပ်ငန်းနှင့်ပတ်သက်၍ ကမ်းဝေးကမ်းနီးငါးဖမ်းလုပ်ငန်းကိုလုပ်ကိုင်သည့် အိမ်ထောင်စု (၄၀)အိမ်ရှိပြီး အလုပ်လုပ်သူဦးရေ (၆၁)ဦးရှိပါသည်။ ဆောက်လုပ်ရေး၊ လက်သမားပန်းရံ လုပ်ငန်းဖြင့် သက်မွေးလုပ်ကိုင်သည့် အိမ်ထောင်စု(၃)စု ရှိပြီး၊ အလုပ်လုပ်သူ(၃)ဦးရှိပါသည်။ အရောင်းအဝယ်လုပ်ငန်းကို အိမ်ထောင်စု(၆)အိမ် အလုပ်လုပ်သူဦးရေ (၁၅)ဦး ရှိပါသည်။ ကျေးရွာတွင် ပို့ဆောင်ရေးလုပ်ငန်းကို လုပ်ကိုင်သူ(၄)ဦးရှိပါသည်။ ကျောင်းဆရာ/ဆရာမ (၂)ဦးရှိပါသည်။ ကျပန်းလုပ်ငန်းလုပ်ကိုင်သည့်အိမ်ထောင်စု(၃၆)အိမ်၊ ရှိပြီး အလုပ်လုပ်သူဦးရေ (၆၃)ဦးရှိပါသည်။ သို့ရာတွင်ထိုင်းနိုင်ငံ၌ သွားရောက်လုပ်ကိုင်နေသည့်မိသားစုဝင်များထံမှ အပြည့် အဝမှီခိုနေရသည့် အိမ်ထောင်စုများလည်း ရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးမွေးမြူရေးမဟုတ်သော လုပ်ငန်းများဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရန်လိုအပ်လျက်ရှိပါသည်။

### (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၇၀၀၀ | ၆၀၀၀ | ၆၅၀၀ | ၅၅၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | ၆၀၀၀ | ၆၅၀၀ | ၅၅၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ဥယျာဉ်ခြံစိုက်ပျိုးရေးလုပ်ငန်းတွင် နေ့စားပုတ်ပြတ်အလုပ်လုပ်သူများမှာ တစ်နေ့တွင် အမျိုးသား(၇,၀၀၀) ကျပ်၊ အမျိုးသမီး(၆,၅၀၀) ကျပ်ရရှိပါသည်။ ပန်းရံလုပ်ကိုင်သူများတွင် အမျိုးသား(၇၀၀၀)၊ အမျိုးသမီး (၆,၀၀၀) ကျပ်ရရှိပါသည်။ ကျေးရွာတွင်အလုပ်အကိုင်အခွင့်အလမ်းနည်းသည့်အတွက် ကျပန်းလုပ်ကိုင်ရသည့် လူအများအပြား ရှိနေပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၂၇ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | - | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၈၄၁ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့် ☐ ညံ့ ☐ |
| ဓနိတောမြေ | ၄၁ | ကောင်း ☐ သင့် ☑ ညံ့ ☐ |
| စားကျက်မြေ | ၇ | ကောင်း ☐ သင့် ☐ ညံ့ ☑ |
| မြေလွတ် မြေလပ် | ၁၀ | ကောင်း ☐ သင့် ☐ ညံ့ ☑ |
| **စုစုပေါင်း** | **၉၂၆** | ☒ |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး(သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့်နိုင်ငံတော်က သီးသန့်လျာထား သတ်မှတ်သည့်မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် လယ်နှင့်ဥယျာဉ်ခြံလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး လယ်မြေမှာ မြေဆီလွှာအရည်အသွေး အသင့်အတင့်ကောင်းမွန်ကြပါသည်။ ဥယျာဉ်ခြံစိုက်ပျိုးခြင်းကို အဓိကထားလုပ်ကိုင်ကြပြီး ရာဘာ၊ ကွမ်းသီးနှင့်ရာသီစာ သီးနှံ(အပင်နု) များကိုလည်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြပါသည်။ လယ်ယာမြေများတွင် ဆားငန်ရေဝင်ရောက်မှု ရှိခြင်း၊ စိုက်ပျိုးမြေများတွင် ရေအလုံအလောက်မရရှိသည့် ပြဿနာများဖြစ်ပေါ်နေခြင်းနှင့် နည်းပညာပေး သင်တန်းများ ချိတ်ဆက်ပြုလုပ်ရန် လိုအပ်နေပါသည်။

## (၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☐အသုံးမပြုနိုင်ပါ ☑ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ်☐ ခက်☑အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐ နည်း☑ မရှိ☐ | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ မရမ်းပင်ချောင်းကျေးရွာတွင်သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ ထွက်ရှိခြင်းမရှိသည့်အတွက် အခြားကျေးရွာများမှ ဝယ်ယူနေရပြီး ရွာအနီး ပတ်ဝန်းကျင်တစ်ဝိုက်တွင် တောင်တန်းများရှိသည့်အတွက် ၄င်းနေရာတွင် ကျောက်များထုတ်ယူနိုင်ပြီး ရွာအနောက်ဘက်ပင်လယ်မြစ်ချောင်းတွင် သဲထုတ်ယူရန်ရှိပါသည်။သဘာဂအပင်မျိုးစိတ်များ၊ ဘဘာဝတိရိစ္ဆာန်မျိုးစိတ်များ စသည်တို့ အနည်းငယ် တွေ့ရှိပါသည်။

## (ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | ၁၁ | ၂၉ | ၁၁၅ | ၉၀ |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ မရမ်းပင်ချောင်းကျေးရွာတွင် စုစုပေါင်းအိမ်ထောင်စု၏ (၄.၅%)သည် အဆင်ပြေသောအိမ်ထောင်စုများဖြစ်ပြီး ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် ဈေးဆိုင်လုပ်ငန်းများ လုပ်ကိုင်ကြသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများမှာ (၁၁.၈%) ရှိပြီး စိုက်ပျိုးရေးနှင့်တစ်ပိုင်တစ်နိုင်ဈေးဆိုင်များဖြင့်အသက်မွေးဝမ်းကျောင်းပြုကြသည်။ ထိုအိမ်ထောင်စုများသည် ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေး (သို့) ပစ္စည်းစသည်ဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပါလိမ့်မည်။မပြေလည်သော အိမ်ထောင်စုများနှင့် အလွန်မပြေလည်သောအိမ်ထောင်စုများသည် ရာသီအလိုက်ကျပန်း လုပ်ငန်းများဖြင့် အသက်မွေးလုပ်ငန်းလုပ်ကိုင်ကြသည်။

### (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာစနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = __________<br>အစာလျှော့စား = __________<br>အထောက်အပံ့ယူ = __________<br>ချေးယူ = __________<br>လုပ်အားခကြိုယူ= __________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = __________<br>အစာလျှော့စား = __________<br>အထောက်အပံ့ယူ = __________<br>ချေးယူ = __________<br>လုပ်အားခကြိုယူ= __________ |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = __________<br>အစာလျှော့စား = __________<br>အထောက်အပံ့ယူ = __________<br>ချေးယူ = __________<br>လုပ်အားခကြိုယူ= __________ |

ရင်းမြစ်..ဥစ္စာစနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။.........................................................................

..........................................................................................

..........................................................................................

..........................................................................................

### (င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၃ | ၄ | ၇ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၇ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၃ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။မရမ်းပင်းချောင်းကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုနှင့်မသန်စွမ်းသည့်ပုဂ္ဂိုလ်(၇)ဦးရှိသည့်အတွက်ကျေးရွာမှဝိုင်းဝန်းထောက်ပံ့၍ ကူညီဆောင်ရွက်နေကြပါသည်။ဆင်းရဲ၍ မိသားစုဦးရေများသည့် မုဆိုးဖို/မ၊ တစ်ခုလပ်အိမ်ထောင်စု (၁၀)စုရှိပါသည်။ ထိုအိမ်ထောင်စုများကို ကျေးရွာပတ်ဝန်းကျင်အနီးတွင်ရှိသည့် အိမ်ထောင်စုများမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျှက်ရှိပါသည်။

## (၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၆ | မုန်တိုင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၇ | ငလျင် | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐လတ် ☑နိမ့်☐မရှိ ☐ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐လတ် ☑နိမ့်☐မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၃ | တီဘီရောဂါ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐လတ် ☑နိမ့်☐မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။မရမ်းပင်ချောင်းကျေးရွာတွင်စားနပ်ရိက္ခာမဖူလုံမှုမှာ သင့်တင့်သော အနေအထားတွင်ရှိ၍ သဘာဝအရင်းအမြစ်ထွက်ရှိမှု ရှားပါးသည့်ကျေးရွာ ဖြစ်ပါသည်။ စားကျက်မြေနှင့် မြေလွတ်မြေလပ် အနည်းငယ်ရှိသော်လည်း သဘာဝအရင်းအမြစ် စိုက်ပျိုးမြေ တိုးချဲ့နိုင်ခြင်းမရှိပါ။ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊မုန်တိုင်းကျရောက်ခြင်း၊ လျှောင်လှုပ်ခြင်း၊ မြေပြိုခြင်း၊ များမရှိပါ။ ဆားငန်ရေဝင်ရောက်မှု အနည်းငယ်ရှိပါသည်။ တီဘီရောဂါ၊ ငှက်ဖျားရောဂါနှင့် ကိုယ်ခံအားကျဆင်းမှုရောဂါများ ဖြစ်ပွားခြင်းမရှိပါ။ တီရိစ္ဆာန်ကူးစက်ရောဂါ ဖြစ်ပွားမှုအနည်းငယ်ရှိသည့်အတွက် မွေး/ကုဦးစီးဌာနမှ ဆရာဝန်များနှင့်ချိတ်ဆက်ရန် လိုအပ်နေပါသည်။ ကျေးရွာတွင်းရှိလမ်းသည် မိုးရာသီတွင်သွားလာရခက်ခဲပါသည်။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐လတ် ☑နိမ့်☐မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐လတ် ☑နိမ့်☐မရှိ ☐ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။မရမ်းပင်ချောင်းကျေးရွာတွင် မြေယာမဲ့ဆင်းရဲသားတောင်သူများ၊ ကျပန်းလုပ်သားများ၊ မြေနိမ့်ပိုင်းနေထိုင်သူများ၊ လှည့်လည်သွားလာ၍ ဈေးရောင်းသူများမှာ ထိခိုက်သက်ရောက်လွယ်မှု အလယ်အလတ်အဆင့်ရှိပါသည်။ လူငယ်များ၊ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသောအိမ်ထောင်စုများ၊ ဆေးစွဲသူများ၊ ရွှေ့ပြောင်းလုပ်သားများ၊ ကားမောင်းပြီး အသက်မွေးသူများမှာ ထိခိုက်သက်ရောက်လွယ်မှုနိမ့်အဆင့်တွင် ရှိသည်ဟုဆိုနိုင်ပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား(မှန်ရာတစ်ခုကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | ရပ်မိ/ဖအဖွဲ့ | ၁☐ ၂☑ ၃☐ | ၅ | | ၅ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☑ | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ |
| ၂ | ဂေါပက | ၁☐ ၂☐ ၃☑ | ၇ | | ၇ | ပညာရေး☐ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး☑ | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ |
